# Highlights from DVB Debate's Female Participation in Politics

## August 1, 2015

## "Why is Female Participation so low in Politics?"

"မဲပေးတဲ့အခါ အမျိုးသမီး၊ အမျိုးသားအစွဲရယ်လို့ မဟုတ်ဘဲ ပုဂ္ဂိုလ်ရေးစွဲများတယ်။ ဒီပါတီဝင်မှ နိုင်မယ်ဆိုတဲ့ အစွဲမျိုးကြောင့် ယောက်ျားတွေမှ မြတ်တယ်၊ လုပ်နိုင်တယ်ဆိုတာမျိုး..ဒီတော့ ကျမက ပြည်သူတွေကိုပြောချင်တယ် အမျိုးသမီးတွေကိုလဲ စိတ်ချလက်ချ မဲပေးကြပါလို့"

ဒေါ်ချိုချိုကျော်ငြိမ်း - အထွေအထွေအတွင်းရေးမှူး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)

---

"အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးသင်တန်းတွေ လိုတယ်ဆိုပေမယ့် စီးပွားရေးမြင့်မှ ကောင်းလာမှ အမျိုးသမီးတွေ နိုင်ငံရေးထဲ ပိုပါဝင်လာနိုင်မယ်။ အိမ်မှာ ဆန်အိုးပြည့်မှ သူတို့ရှေ့တန်းထွက်နိုင်မယ်"

ဦးအောင်နိုင် - ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာ) တည်ထောင်သူ၊ အဖွဲ့ဝင်

"ကျမကတော့ ဦးအောင်နိုင်နဲ့ သဘောမတူပါဘူး။ စီးပွားရေးတိုးတက်မယ့် အခြေအနေစောင့်ပြီးမှ နိုင်ငံရေးလုပ်ဖို့ဆိုတာ သဘောမတူဘူး။ တအားကြာသွားမယ်။ တဖက်တလမ်းက စွမ်းရည်မြှင့်သင်တန်းတွေ ပေးကို ပေးရမယ်"

ဒေါ်ကတ်သလင်းသိန်း - ဟိန္ဒူအမျိုးသမီးများအဖွဲ့

---

"အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်နိုင်အောင် မူဝါဒချမှတ်ပြီး လုပ်နေတယ် ဒါပေမယ့် အခုအချိန်ထိ အမျိုးသမီး ကိုယ်စားလှယ်လောင်း ၄ ယောက်ပဲ ရသေးတယ်။ အဓိကက သူတို့ကိုယ်တိုင်က နိုင်ငံရေးမှာပါဝင်ပတ်သက်ဖို့ နိုင်ငံရေးအပေါ်အမြင်တွေ ရှုပ်နေသေးတယ်။ နောက်တခုက ကျနော်တို့က အမျိုးသမီးတွေ ပါတီနိုင်ငံရေးထဲပါလာဖို့ ဖိတ်ပေမယ့် funding မရှိတော့ ပါတီထဲရောက်မလာဘဲ လူငယ်အမျိုးသမီးတွေက အန်ဂျီအိုတို့ဘာတို့ပဲ ရောက်ကုန်တယ်"

ဦးစောမြ - တွဲဖက်အထွေထွေအတွင်းရေးမှူး ၁၊ ချင်းတိုးတက်ရေးပါတီ

---

"ကျမတို့ပါတီမှမဟုတ်ဘူး ပါတီတိုင်းမှာကြည့်လိုက် ဥက္ကဋ္ဌနဲ့ ဒု-ဥက္ကဋ္ဌ အမျိုးသားတွေချည်းပဲ၊ နောက် အမျိုးသမီးတွေနဲ့ပတ်သက်တဲ့ မူဝါဒ ရေရေရာရာ မတွေ့ဘူး။ အမျိုးသမီးတွေ နိုင်ငံရေးထဲပါဝင်လာဖို့ အားပေးလှုံ့ဆော်တဲ့ စံပြပုဂ္ဂိုလ်လဲ မရှိဘူး"

ဒေါ်မြင့်မြင့်ဝေ - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ

---

"ကျနော်တို့ မြန်မာ့ဓလေ့ထုံးစံ မယားကျင့်ဝတ်တွေရှိတယ်၊ အမျိုးသမီးတွေဟာ အိမ်မှုထိန်းသိမ်းပြီးပဲ နေရမယ်။ ပုခက်လွှဲတဲ့မိခင်များဆိုပြီး တင်စားပြီး မသိမသာ ချောင်ထိုးလိုက်တဲ့ အလေ့အထ။ ဒီတော့ နိုင်ငံရေးထဲပါဝင်ဖို့ရာက မြန်မာ့ဓလေ့ထုံးစံတွေအရကို အမျိုးသမီးတွေမှာ နောက်ကောက်ကျနေရော"

ဦးဆန်းလင်း - ဥက္ကဋ္ဌ၊ မဟာမိတ်တောင်သူလယ်သမားပါတီ

---